**ထေရဝါဒ ဆရာအဆူဆူတို့၏ ဂမ္ဘီရဒေသနာ ဆောင်ပုဒ်ကဗျာများ**

၁။ ခဏတ္တယဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

အကျိုးတရားကိုသာ ဉာဏ်မှာစွဲလို့ ခဏတ္တယပဲလို့ မှတ်လိုက်စမ်းပါ။

၂။ ဖြစ်ပျက်တိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

အကြောင်းတရားကိုသာ ဉာဏ်မှာစွဲလို့ ဖြစ်ပျက်ပဲလို့ မှတ်လိုက်စမ်းပါ။

၃။ တဏှာဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံများနှင့် ဇာတိဒုက္ခဖြစ်စေခြင်းသာ။

၄။ ဇာတိဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

မွေးသေ မွေးသေ ဒုက္ခဘေးနှင့် စိတ်မအေးတဲ့ လူနတ်ချမ်းသာ။

၅။ ဒေါသဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ခက်ထန် မျက်မာန် သူမကင်းလို့ အပူပြင်းတဲ့ ဒေါသမီးပါ။

၆။ မောဟဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ကြောင်းကျိုးနှစ်ဖြာ ဉာဏ်မလင်းလို့ မိုက်မကင်းတဲ့ အဝိဇ္ဇာမီးပါ။

၇။ အဝိဇ္ဇာဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ကြောင်းကျိုးနှစ်ဖြာ ဉာဏ်မလင်းလို့ မိုက်မကင်းတဲ့ မောဟမီးပါ။

၈။ ဒိဋ္ဌိဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

အတ္တဆိုတာ သူအစွဲမို့ အယူလွဲတဲ့ ဒိဋ္ဌိကြီးပါ။

၉။ ဥပါဒါန်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ဒိဋ္ဌိ၊ သီလာ၊ အတ္တစွဲလို့ ကာမစွဲနဲ့ လူနတ်ချမ်းသာ။

၁၀။ အနတ္တဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

တုစ္ဆ၊ သုညာ၊ အနတ္တပဲဟု ဉာဏ်မှာစွဲလို့ ရှုလိုက်စမ်းပါ။

၁၁။ ကိလေသာဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

သုတ္တန် ထုတ်ပြန် ရုပ်နာမ်အရှိကို ဟုတ်မှန်မသိတဲ့ အပူမီးပါ။

၁၂။ အိမ်ထောင်ရေးဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ငါးပါးအာရုံ ကာမဂုဏ်တရားနဲ့ အာရုံများတဲ့ အိမ်ထောင်ရေးပါ။

၁၃။ အနိစ္စဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ကြောင်းကျိုးနှစ်ဖြာ အနိစ္စပဲဟု ဉာဏ်မှာစွဲလို့ ရှုလိုက်စမ်းပါ။

၁၄။ ဒုက္ခဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ကြောင်းကျိုးနှစ်ဖြာ ဒုက္ခပဲဟု ဉာဏ်မှာစွဲလို့ ရှုလိုက်စမ်းပါ။

၁၅။ ကာမဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

လူ့ဘုံ၊ နတ်ဘုံ စုန်ဆန်ဆင်းလို့ ပုံစံသွင်းတဲ့ ကာမကြီးပါ။

၁၆။ ဘဝဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ကုသလာ ကုသလ ကမ္မတရားကို ဉာဏ်မှာပွားလို့ ရှုလိုက်စမ်းပါ။

၁၇။ ရုပ်နာမ်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ဖောက်ပြန်၊ ညွှတ်ပြန် ရုပ်နာမ်ပဲဟု ဉာဏ်မှာစွဲလို့ မှတ်လိုက်စမ်းပါ။

၁၈။ သံယောဇဉ်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ဖြစ်ပြန် ပျက်ပြန် လောကခံအရှိကို သဘောဉာဏ်မမိတဲ့ နှောင်အိမ်ကြီးပါ။

၁၉။ ပထမမြင်တာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

အကျိုးတရားဆိုတာ သူပါပဲဟု ဝိပါတ်စိတ်လို့ မှတ်လိုက်စမ်းပါ။

၂၀။ ဒုတိယမြင်တာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

အကြောင်းတရားဆိုတာ သူပါပဲလို့ တဏှာစိတ်လို့ မှတ်လိုက်စမ်းပါ။

၂၁။ (ခ) ဒုတိယမြင်တာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ဒုတိယမြင်တာ အမှန်ပဲလို့ မဂ်စိတ်သဘောကို မှတ်လိုက်ပါ။

၂၂။ ဒါနဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ကုသလာ ကုသလ ကမ္မတရားကို စေတနာထား၍ ပြုစေခြင်းသာ။

၂၃။ ဝဋ္ဋဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံများကို စေတနာထား၍ ညွှတ်စေခြင်းသာ။

၂၄။ ဝိဝဋ္ဋဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

သစ္စာလေးတန် အမြင်မှန်တရားနဲ့ အစဉ်ဉာဏ်ပွားလို့ ရှုစေခြင်းသာ။

၂၅။ သီလဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ငါးပါးပဥ္စသီ အင်္ဂါများနှင့် (၂၀၀)ကျော်ပွားလို့ စောင့်လိုက်စမ်းပါ။

၂၆။ သမထဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ဝတ္ထုအာရုံ ကာမဂုဏ်တရားကို ဉာဏ်မှာပွား၍ လွတ်စေခြင်းသာ။+

၂၇။ သောတာပန်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

သစ္စာလေးတန် အမြင်မှန်တရားနှင့် အစဉ်ဉာဏ်ပွား၍ အာရုံပြုရာ။

၂၈။ လူမိုက်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

အကြောင်းတရားနှစ်တန် သူမသိလို့ မူမရှိတဲ့ လူမိုက်ကြီးပါ။

၂၉။ ဗာလဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

လောဘနှစ်တန် သူမသိလို့ မူမရှိတဲ့ လူမိုက်ကြီးပါ။

၃၀။ သံသရာဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

မောဟ အဝိဇ္ဇာ တဏှာငြိသဖြင့် ချာချာလည်တဲ့ သံသရာကြီးပါ။

၃၁။ ဩဃဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

နှစ်ပြန် မြုပ်ပြန် ချော်ကာလွဲလို့ ပေါ်လာခဲ့တဲ့ ဩဃကြီးပါ။

၃၂။ အာသဝဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

လောဘ၊ ဒိဋ္ဌိ၊ မောဟများဟာ အာသဝပဲလို့ ဉာဏ်မှာစွဲ၍ မှတ်လိုက်စမ်းပါ။

၃၃။ အနန္တရဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

အနန္တရဆိုတာ တဏှာပဲဟု သဘာဝကွဲအောင် မှတ်လိုက်စမ်းပါ။

၃၄။ ဟေတုဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

အကြောင်းတရားဆိုတာ သူပါပဲဟု ဉာဏ်မှာစွဲလို့ မှတ်လိုက်စမ်းပါ။

၃၅။ သင်္ခါရဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ထင်ရာမြင်ရာ ကာမတရားကို အာသဝပွား၍ ပြုစေခြင်းသာ။

၃၆။ သင်္ခါရဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ကြောင်းကျိုးနှစ်ဖြာ သင်္ခါရဟု ဉာဏ်မှာရှုလို့ ပယ်လိုက်စမ်းပါ။

၃၇။ ဒိဋ္ဌဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

တုစ္ဆသုညာ ဣန္ဒြေပဲဟု အမြင်မှန်ခွဲ၍ မှတ်လိုက်စမ်းပါ။

၃၈။ အဒိဋ္ဌဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ဘာဝဆိုတာ သူပါဘဲလို့ ဉာဏ်မှာစွဲလို့ မှတ်လိုက်စမ်းပါ။

၃၉။ နဒိဋ္ဌဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

မမြင်ကောင်းတာတွေ မြင်တာပဲဟု ဉာဏ်မှာစွဲ၍ မှတ်လိုက်စမ်းပါ။

၄၀။ ဓမ္မာရုံဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

တိတ်နာဂတံ အာရုံများကို ဓမ္မာရုံတရားလို့ မှတ်လိုက်စမ်းပါ။

၄၁။ သမ္မာဓမ္မာရုံဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ဒဿနသမ္ဘဒါ အမြင်တရားနှင့် အစဉ်ဉာဏ်ပွားတဲ့ အာရုံများပါ။

၄၂။ မိစ္ဆာဓမ္မာဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ဒဿနာသမ္ဘဒါ အစဉ်ဉာဏ်မရှိလို့ အမြင်မှန်မသိတဲ့ အာရုံမျိုးပါ။

၄၃။ နိဗ္ဗာန်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ငါးပါးအာရုံ ကာမဂုဏ်တရားနှင့် အာရုံမများတဲ့ နိဗ္ဗာန်ကြီးပါ။ (ကာမုပမိ)

၄၄။ နိဗ္ဗာန်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ကိလေငြိပွေ ဒုက္ခဘေးတို့ အလွန်အေးတဲ့ နိဗ္ဗာန်ကြီးပါ။ (ကိလေသုပမိ)

၄၅။ နိဗ္ဗာန်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

မွေးသေ မွေးသေ ဒုက္ခဘေးတို့ အလွန်အေးတဲ့ နိဗ္ဗာန်ကြီးပါ။ (ခန္ဓုပမိ)

၄၆။ နိဗ္ဗာန်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ရုပ်နာမ်ခန္ဓာ ချုပ်ပြတ်ငြိမ်း၍ အရှုပ်ဇာတ်သိမ်းတဲ့ နိဗ္ဗာန်ကြီးပါ။ (အဘိသင်္ခါရုပမိ)

၄၇။ သန္တိဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ဘေးပေါင်းရန်တကာ ဘယာမများဖို့ စောင့်ရှောက်ထားတဲ့ နိဗ္ဗာန်ကြီးပါ။ (တာဏ)

၄၈။ သန္တိဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ပုန်းအောင်းမွေ့လျော် အစဉ်နော်ဆိုက်သဖြင့် အလွန်ပျော်ပိုက်တဲ့ နိဗ္ဗာန်ကြီးပါ။ (လေဏ)

၄၉။ သန္တိဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

လျောင်းစက်မွေ့လျော် အစဉ်နော်ဆိုက်သဖြင့် အလွန်ပျော်ပိုက်တဲ့ နိဗ္ဗာန်ကြီးပါ။ (ပရာယဏ)

၅၀။ သန္တိဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

ကြောင်းကျိုးနှစ်ဖြာ ချုပ်ပြတ်ငြိမ်း၍ အရှုပ်ဇာတ်သိမ်းတဲ့ နိဗ္ဗာန်ကြီးပါ။ (သန္တိ)

၅၁။ သန္တိဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ၊

သဗ္ဗသင်္ခတာ ချုပ်ပြတ်ငြိမ်း၍ အရှုပ်ဇာတ်သိမ်းတဲ့ နိဗ္ဗာန်ကြီးပါ။ (အသင်္ခတ)